သပြုချောင်းကျေးရွာ

ခနော်ကျေးရွာအုပ်စု၊ပန်းတနော်မြို့နယ်



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

(၂၀၂၃-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

သပြုချောင်းကျေးရွာ၊ပန်းတနော်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ  ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊နိုဝင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | သပြုချောင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့ | ၃ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | ၁၀ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၁ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| ၉။ | ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၈ |

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ သပြုချောင်း ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက် အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်း တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်

အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

နိုဝင်ဘာလ၊ ၂၀၂၃ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
သပြုချောင်းကျေးရွာ
ပန်းတနော်မြို့နယ်

သပြုချောင်းကျေးရွာ၊ သယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



# သပြုချောင်းကျေးရွာ ၊ ရာသီခွင်ပြ ပြက္ခဒိန်



ခနော်ကျေးရွာအုပ်စု၊ သပြုချောင်းကျေးရွာ၏

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( Venn Diagram )



အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု-ခနော်　　　　　　　　　　　　　　　　　　　　ကျေးရွာ- သပြုချောင်း

- သပြုချောင်းကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊လမ်းကော်မတီအဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပါသည်။
- သပြုချောင်းကျေးရွာပြင်ပတွင် ဖွဲ့စည်းထားသော အဖွဲ့များမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ ၊ကျေးလက်ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဖွဲ့စည်းထားပါသည်။
- ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့များသည် အဖွဲ့အစည်းများတွင် အဓိကဦးဆောင်ပါဝင်ကြသည်။
- အုပ်ချုပ်ရေးအဖွဲ့သည် လမ်းများ၊ တံတားများ၊ မီးလင်းရေး၊ ရေပေးဝေရေးလုပ်ငန်းများအား ကျေးလက်ဦးစီးဌာန၊ သက်ဆိုင်ရာဌာနများဖြင့် ဆက်သွယ်ဆောင်ရွက်ပေးသည်။

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇) မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျှက်ရှိပါသည်။

သပြုချောင်းကျေးရွာသည် ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ ခနော်ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ပန်းတနော်မြို့နယ်နှင့်(၂၃)မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ဘောစကိုင်းကျေးရွာ၊ အညာစုကျေးရွာနှင့်ခနော်ကျေးရွာတို့ဖြစ်ပါသည်။ သပြုချောင်း ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်သည်။ အခြားလုပ်ငန်း များကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသောဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၂၉.၂၂ ံC ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ံC ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

သပြုချောင်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဗေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက်အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက် သည့်ဒေသတစ်ခုလည်း ဖြစ်ပါသည်။လယ်မြေများရှိပြီး စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပါသည်။တောင်သူအများစုမှာ ချောင်းရေနှင့်အဝီစိတွင်းရေကိုအသုံးပြုကာ လယ်မြေကေ(၄၇၀)ကေကိုရေသွင်း စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ **(ကျား-၁၁)**ဦး၊ လမ်းကော်မတီ(ကျား-**၆**၊မ-**၅**)၊ ဂေါပကအဖွဲ့(ကျား-**၅**)တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာ သူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သပြုချောင်းကျေးရွာတွင် မြေမဲ့ယာမဲ့အိမ်ထောင်စု(၆၈)စု၊၂.၅ဧကမှ ၅ဧက ကြားရှိ တောင်သူ ငယ်(၈)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားရှိ တောင်သူလတ်(၁၀) အိမ်ထောင်စု၊၁၂.၅ဧက အထက် တောင်သူကြီး(၁၅)အိမ်ထောင်စု စသည်တို့ရှိကြသည်။အဓိအားဖြင့် စပါး၊ငရုတ်နှင့်ပဲများ အဓိကထားစိုက်ပျိုးကြပါသည်။အများစုသည်နေ့စား/ကျပန်းအဖြစ်လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ ချောင်းရေနှင့် အဝီစိတွင်းမှရရှိသောရေကိုအဓိကအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး ချောင်းရေ၊အဝီစိတွင်းရေနှင့်ဝေးကွာသည့်လယ်မြေကေများတွင် ရေလုံလောက်စွာ မရရှိသဖြင့်သီးနှံအထွက်နှုန်းမှာ(၅၀%)ခန့်သာရရှိပါသည်။ကျေးရွာရှိစိုက်ပျိုး တောင်သူများတွင် တစ်ဦးချင်းပိုင်ရေစုပ်စက် (၂၇)လုံးရှိပြီး ငှားရမ်းလုပ်ကိုင်သော တောင်သူများ လည်းရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဂမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့်ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ကျုံတနီး ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဂန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ဖြစ်စေ၊ ကုန်သည် ပွဲစားများမှ ဖြစ်စေရောင်းချနိုင်ကြပါသည်။ မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ခြင်းမရှိပါ။

**(ခ)** မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၂)အိမ်ရှိပြီးကောင်ရေ(၈)ကောင်၊ကျွဲမွေးမြူသည့်အိမ်ထောင်စု(၁)စု ၊ကောင်ရေ(၃)ကောင် ၊မြင်းမွေးမြူထားသည့် အိမ်ထောင်စု(၁) အိမ်ရှိပြီး ကောင်ရေ(၃)ကောင်၊ဆိတ်မွေးမြူသည့်အိမ်ထောင်စု(၅)စုရှိပြီးကောင်ရေ(၁၆)ကောင်၊ ဝက်မွေးမြူသည့်အိမ်ထောင်စု(၃၃)စု၊ကောင်ရေ(၈၄)၊ကြက်မွေးမြူသည့်အိမ်ထောင်စု(၇၃)စု၊ ကောင်ရေ(၉၂၈)ကောင်၊ဘဲမွေးမြူသည့်အိမ်ထောင်စု(၅)စု၊ကောင်ရေ(၁၈၇)စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများမရှိသဖြင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့်အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သပြေချောင်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ လက်လီလက်ကားရောင်းဝယ်ရေး လုပ်ကိုင်ကြသူများဖြစ်ကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ လယ်စာရင်းငှား၊ ပန်းရံ-လက်သမား အလုပ်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြသည်။တစ်နေ့လျှင် လုပ်အားခ ကျား(**၇၀၀၀**) ကျပ်၊ မ (**၆**၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၃**၇**)စုသည်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစု ဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတက်ပညာ များကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန်အရင်းအမြစ်မှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါသည်။စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇)လိုအပ်ပါသည်။သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲရှိပါသည်။အဘယ့်ကြောင့်ဆိုသော် ပုံစံ(၇)မရှိခြင်း၊ပြန်လည်ပေးဆပ်ရသည့်ပုံစံမှာ (၁)နှစ်(၁)ကြိမ်ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း၊ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အသက်မွေးဝမ်းကြောင်းပညာများမရှိခြင်း တို့ကြောင့်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သပြေချောင်းကျေးရွာမှကျုံတနီးကျေးရွာသို့(၄)မိုင်ခန့်ရှည်သော ကျေးရွာချင်းဆက်လမ်းရှိပြီး မိုးရာသီတွင်သွားလာရခက်ခဲပါသည်။ သပြေချောင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းနှင့် ကုန်းလမ်းနှစ်ခုစလုံးကိုအသုံးပြုနိုင်ပါသည်။ရေကြောင်းလမ်းကို ချောင်းရေ များသော မိုးတွင်းကာလတွင်သာ အသုံးပြုနိုင်ပါသည်။ကုန်းလမ်းကိုတစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း လမ်းကောင်းမွန်ခြင်းမရှိပါ။ အသုံးပြုသောယာဉ်များမှာ စက်လှေ(၂)စီး၊သမ္ဗာန်(၂၀)စီး ၊စက်ဘီး (၁၀၆)စီး၊ထော်လာဂျီ (၁၃) စီး၊ မော်တော်ဆိုင်ကယ် (၄၃)စီး ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးလက်ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ်ကိုကျေးရွာလူထုမှကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသောကြောင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင်လမ်းပေါ်၌ဗွက်များ၊ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများရှိနေ ပါသည်။ကျေးရွာအတွင်းတွင်တံတားမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာနမှချပေးသောဆိုလာစနစ်ကိုအိမ်ထောင်စု (၅၇)လုံးသုံးစွဲနေပါသည်။ ကျန်အိမ်ခြေ(၄၄)လုံးသည်မိမိအစီအစဉ်ဖြင့်သာသုံးစွဲနေကြပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှလည်း ဆိုလာစနစ်များထပ်မံရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

**(ဂ)** သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း**(၇၇)**လုံး၊ ရေဒီယို **(၂၃)**လုံး၊ ဂြိုလ်တုစလောင်း **(၃၈)**လုံး၊တီဗွီ**(၃၉)**လုံးစသည်တို့မှ ရရှိသည့်အပြင် Ooredoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

သပြေချောင်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး အရည်အသွေး ကောင်းမွန်မှု ရှိပါသည်။ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊လက်ထောက်ဆရာ၊ဆရာမ(၃)ဦး၊ရှိပါသည်။ ဆရာ၊တပည့် အချိုးအားဖြင့် ၁:(၄၀)အောက်ဖြစ်ပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသူ/သား (၄၅) ဦးရှိပါသည်။(၂)ခန်းတွဲအိမ်သာ(၂)လုံးရှိပြီး ကျောင်းသူ၊ ကျောင်းသားများအတွက် လုံလောက်မှုရှိပါသည်။ထိုင်ခုံနှင့်စာရေးခုံများ လိုအပ်ချက်ရှိပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပြီး

(၁.၂)ရာခိုင်နှုန်းရှိပါသည်။ မူလတန်းအဆင့်စာတတ်မြောက်သည့်လူဦးရေမှာ (၆၉.၇၀)ရာခိုင်နှုန်း အထိသာရှိခြင်းနှင့် အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ (၂၇.၀၉)ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများ မှာ (၈.၆၂)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၀.၉၈)ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာ၏စာတတ်မြောက်မှုရာခိုင်နှုန်းနည်းပါးပါသည်။

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၄)မိုင်ကွာဝေးသောကျုံတနီးတိုက်နယ် ဆေးရုံနှင့် (၃)မိုင်ကွာဝေးသောအညာစုကျေးလက်ကျန်းမာရေးဌာနတွင် သွားရောက်ကုသမှုခံယူရပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သောဆေးဝါးများကို အဆိုပါဆေးခန်းများတွင်သာရရှိနိုင်ပါသည်။ အရေးပေါ်လူနာများအတွက်လည်း ဓနုဖြူမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းထားရှိရန် လိုအပ်ပါသည်။

အိမ်ခြေအများစုတွင်လက်နှိပ်တုံကင်(၅၆)လုံးနှင့်အဝီစိစက်တပ်(၁၀)တွင်းရှိပြီး သောက်သုံး ရေအဖြစ်ကျေးလက်ဦးစီးဌာနမှတူးဖော်ပေးသော ၄"Ø× ၄၀၀'စက်ရေတွင်းကိုသုံးစွဲနေပြီးသန့်ရှင်းမှု ရှိပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၁၀၁) အိမ်ရှိပြီး တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲကြပါသည်။အိမ်တိုင်းစေ့ယင်လုံအိမ်သာဆောက်လုပ်ကြရန် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၏ အကျိုးကျေးဇူးများဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သပြုချောင်းကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊အိမ်ထောင်စုများမှစားသုံးရန်ထမင်း၊ဟင်းများ ချက်ပြုတ်ရန်ထင်းများ ခုတ်ယူသုံးစွဲ သဖြင့် သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ တိရစ္ဆာန်ရောဂါများသည့် ရာသီကူးပြောင်းမှု များတွင် ကြက်၊ဝက်၊တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ် ရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

သပြုချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးနှင့်အမျိုးသား ဦးရေကွာခြားမှု မရှိပါ။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ တစ်နေ့လျှင်လုပ်အားခ ကျား(**၇၀၀၀**) ကျပ်၊ မ (**၅၀၀၀**)ကျပ် ရရှိပါသည်။ကျေးရွာရှိအိမ်ထောင်စုပေါင်း (**၅၉**)စုလုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားနှင့်အမျိုးသမီးဦးရေတန်းတူ နီးပါးဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတွင် ကျား/မ

အချိုးညီစွာပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | သပြုချောင်း | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂ | သပြုချောင်း | အခြေခံအဆောက်အဦ | ကျန်ရှိနေသောကျေးရွာတွင်းလမ်းအားးဆက်လက်ဆောင်ရွက်ခြင်း | ၂ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၃ | သပြုချောင်း | အသက်မွေးဝမ်းကျောင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၃ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၄ | သပြုချောင်း | အခြေခံအဆောက်အဦ | ချောင်းကောမြောင်းကောပြန်လည်တူးဖော်ခြင်း | ၄ | ကျန်းမာရေး/ကျေးရွာ | |
| ၅ | သပြုချောင်း | အခြေခံအဆောက်အဦ | ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၅ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၆ | သပြုချောင်း | မီးလင်းရေး | ဆိုလာစနစ်များထပ်မံတောင်းခံခြင်း | ၆ | ကျေးလက်ဦးစီး/ကျေးရွာ | |

နောက်ဆက်တွဲ(၁)

ခနော်ကျေးရွာအုပ်စု၊ သပြုချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှဝင်း | ဦးသာညွန့် | ၁၄/ပတန(နိုင်)၁၃၅၅၁၀ | ၆၇ | ဥက္ကဋ္ဌ | ၀၉-၆၆၄၅၁၇၀၀၉ |
| ၂ | ဦးကျော်သူ | ဦးခင်ဝင်း | ၁၄/ပတန(နိုင်)၁၅၀၄၀၄ | ၃၅ | ဥက္ကဋ္ဌ(ဝယ်ယူရေးဆပ်ကော်မတီ) | |
| ၃ | ဦးသက်စိုးထိုက် | ဦးတင်ဦး | ၁၄/ဓနဖ(နိုင်)၁၁၂၂၅၅ | ၄၀ | ဘဏ္ဍာရေးမှူး(ဝယ်ယူရေးဆပ်ကော်မတီ ) | ၀၉-၈၉၂၀၀၀၇၂၉- |
| ၄ | ဒေါ်မာလာဝင်း | ဦးလှမြင့် | ၁၄/ပတန(နိုင်)၁၅၀၅၆၀ | ၃၀ | စာရင်းကိုင်(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉-၆၇၅၀၀၈၈၉၇ |
| ၅ | ဦးအောင်သန်းမြင့် | ဦးထွန်းရွှေ | ၁၄/ပတန(နိုင်)၀၄၃၆၃၇ | ၆၅ | အဖွဲ့ဝင် | |
| ၆ | ဦးဇော်မင်းလတ် | ဦးညွန့်ဝေ | ၁၄/ပတန(နိုင်)၁၂၇၃၇၅ | ၄၆ | အဖွဲ့ဝင် | |
| ၇ | ဦးပေါ်ဦး | ဦးခနောင် | ၁၄/ပတန(နိုင်)၀၃၇၂၉၁ | ၅၄ | အဖွဲ့ဝင် | |
| ၈ | ဒေါ်သန်းနွဲ့ | ဦးဖြူလုံး | ၁၄/ကပန(နိုင်)၀၅၅၇၂၁ | ၅၅ | အတွင်းရေးမှူး | |
| ၉ | ဒေါ်တင်မိုးခိုင် | ဦးလွန်းမောင် | ၁၄/ပတန(နိုင်)၁၅၇၅၈၁ | ၃၆ | အဖွဲ့ဝင် | ၀၉-၄၄၅၃၃၃၅၈၇ |
| ၁၀ | ဒေါ်အေးမာစိုး | ဦးစိုးစိုးဝင်း | ၁၄/ပတန(နိုင်)၂၂၄၂၉၂ | ၃၆ | အဖွဲ့ဝင် | ၀၉-၆၇၄၉၃၁၈၄၀ |
| ၁၁ | နော်ခူလာဖော | ဦးရွှေဆန်း | ၁၄/ပတန(နိုင်)၁၂၆၆၆၂ | ၂၁ | အဖွဲ့ဝင် | ၀၉-၆၆၁၄၃၃၃၁၆ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁)　ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က)　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၈ | ၁၄ | ၂၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၆ | ၃၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၁၈ | ၃၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၃ | ၂၇၂ | ၄၆၅ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၄ | ၄၃ | | |
| စုစုပေါင်း | | ၂၅၈ | ၃၄၈ | ၆၀၆ | | |
| စုစုပေါင်း အိမ်ထောင်စု | | (၁၀၁)အိမ်ထောင်စု | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု(၁၀၁)ရှိပြီးစုစုပေါင်းလူဦးရေ(၆၀၆)ဦးရှိပါသည်။ကျား(၂၅၈)ဦးနှင့်မ(၃၄၈)ဦးရှိကာ အလုပ်လုပ်နိုင်သည့်အရွယ်မှာလူဦးရေ(၄၆၅)ဦးရှိပြီးလူဦးရေ၏(၇၆%)ရှိကာ သက်ကြီးရွယ်အိုမှာ (၇%)ခန့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ)　အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၇ | ၅၉ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၁၃ | | | | | မြင့် ☐ လတ် နိမ့် ☑ |
| | အလုပ်သမား / | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ဝန်ထမ်း | | | | | | | ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၅၉ | ၁၄၀ | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၀၁ | ၂၁၂ | - | - | - | ၃၆ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၄၂)စုရှိပြီး မိသားစုဝင် လုပ်အား (၇၂)ဦးဖြင့် လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် အသင့်အတင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော စပါးနှင့်ပဲကို အဓိကစိုက်ပျိုးကြပါသည်။ ကျန် အိမ်ထောင်စု(၅၉)စုမှာ လက်လုပ်လက်စား ၊ပန်းရံနှင့်ကျပန်းလုပ်ကိုင်သူများနှင့် ဝန်ထမ်းများ ဖြစ်ကြပါသည်။

**(ခ-၂)** လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ သပြုချောင်းကျေးရွာ၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားဝင်ငွေရရှိမှုမှာ ကျား အများဆုံး(၇၀၀၀)မှအနည်းဆုံး(၅၀၀၀)ကျပ်နှင့် မ အများဆုံး(၅၀၀၀)ကျပ်မှ အနည်းဆုံး(၄၀၀၀)ကျပ်ဖြစ်ပြီး မိန်းကလေးများမှာလဲ ယောကျ်ားလေးများတန်းတူ လုပ်အားခ မရရှိကြသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၇၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၇၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ သပြုချောင်းကျေးရွာတွင် လယ်မြေဧက (၄၇၀)ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၈-၂)** ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား **(၅)** ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐<br>နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ခက် ☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑<br>နည်း☐ မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း ) | များ☐ သင့်☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ သပြုချောင်ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များအသင့်အတင့်ရှိပြီး တွင်းထွက်သယံဇာတများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၇ | ၂၅ | ၁၀ | ၂၉ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။ အိမ်အခြေအနေမှာလည်း အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် အိမ်အခြေအနေညံ့ကြောင်းနှင့် အလွန်အဆင်မပြေသောအိမ်ထောင်စုများတွင် အိမ်အခြေအနေအလွန်ညံ့ကြောင်း ၊မြေယာပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၁၁ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = √ |
| ၃လနှင့်၆လ ကြား ဝမ်းစာဖူလုံမှု | | - | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ဖလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | - | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု (၁၀၁)စု ရှိသည့်အနက် လုပ်အားခကြိုယူသုံးစွဲသည့် အိမ်ထောင်စု(၁၁)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့် အထက် | ၂ | ၄ | ၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲ သည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ကျေးရွာတွင် သက်ကြီးရွယ်အိုများမှာ အလုပ်မလုပ်နိုင်ကြသောမိသားစုများဖြစ်သဖြင့် စားဝတ်နေရေးခက်ခဲပါသည်။ဆင်းရဲ၍မိသားစုများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုများမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | √ | | | √ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | √ | | | √ | | |
| ၃ | မုန်တိုင်းဒီရေ | √ | | | √ | | |
| ၄ | ဆူနာမီ | √ | | | √ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | √ | | | √ | | |
| ၆ | လေဆင်နှာမောင်း | √ | | | √ | | |
| ၇ | ငလျင် | √ | | | √ | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | √ | | | √ | | |
| ၁၀ | အအေးလှိုင်း | √ | | | √ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၁ | မိုးသီးကြွေကျမှု | √ | | | √ | | |
| ၁၂ | မိုးခေါင်ခြင်း | √ | | | √ | | |
| ၁၃ | တောမီးလောင်ခြင်း | √ | | | √ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | √ | | | √ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | √ | | | √ | | |
| ၁၆ | မြေပြိုခြင်း | √ | | | √ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | √ | | | √ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | √ | | | √ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | √ | | | √ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | √ | | | √ | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | √ | | | | √ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
